


သိုးဆောင်း
သိသောသူမည်ကား
ကြားပါစေ...

# သိသော သူမည် ကား ကြားပါစေ

## နိဒါန်း

သိသော သူမည် ကား ကြားပါစေ.........

♥ ♥ ♥

အနုပညာဖန်တီးမှု သက်သက် ဖြစ်ပါသည်။

ရွှေသုန္ဒရီသီချင်း ကောင်းမွန်သော ရည်ရွယ်ချက်နှင့် အဓိပ္ပာယ်အား သွေဖည်ပျက်စီး စေလိုသော ဆန္ဒတစ်စုံတစ်ရာ မရှိပါ။

ထိုသို့ ဖြစ် သွားပါက ဂီတစာဆို စိန်မောင်မြင့်နှင့် ရွှေသုန္ဒရီပရိသတ်ကြီးအား အထူးပင် တောင်းပန်ရပါကြောင်း....

♥ ♥ ♥

သူဟာ ကောင်မလေ တစ်ယောက် ကို ဆောင်းတွင် းလေးတစ်ခုလို ချစ်ခဲ့ဖူးပါတယ်။ ဆောင်းတွင် းလေးနွေးစေဖို့ သူ့ကိုယ်သူ မီးအ ဖြစ်အကြိမ်ကြိမ် မွေးပေးခဲ့ဖူးပါတယ်။ ရောင် နီသွေး တိုင်း ဝေးမှာ စိုးလို့ နေလုံးကြီးကိုလည်း ကျောအပြည့် ကွယ်ပေးခဲ့ဖူးပါတယ်။ နွေဆိုတဲ့ အရာနဲ့ မုတ် သုန်ဆိုတဲ့ စကားလုံးကိုလည်း မဆီမဆိုင် အမိုက်ဇာတ်သွင်းပစ်ခဲ့ဖူးပါတယ်။

အဲဒါကြောင့် ပဲလား မသိဘူး။ နောက်ပိုင်း မြန်မာပြည်မှာ မုတ်သုန် အဝင်နည်းသွားတယ်။ နွေ ကတော့ အပြုံးမပျက်စွာ ဆက်လက်မင်းမူနေရဲ့ ။ ပြုန်းတီးသွားတဲ့ သစ်တောတွေ လိုပါပဲ။ အချစ် ဆိုတဲ့မီးနဲ့ သူဟာ လောင်မြိုက်နေခဲ့တာပါ။ သို့သော် လည်း

အချစ်ကြီးတတ်အောင် လေ့ကျင့်ထား တာမို့ ပူလိုပူမှန်းလည်း မသိခဲ့ဘူးလေ။

မျက်နှာ ချစ်ခင်ပါစေလို့ ဘယ်နတ်ဘုရားထံမှာ မှ ဆုတောင်းထားခဲ့ဟန် မတူပါဘူး။ ထိုဆု နဲ့လည်း မပြည့်ခဲ့ပါဘူး။ သူမမျက်နှာက မြင်ရသူအပေါင်းကို တစိမ့်စိမ့်အေးပြီး တသိမ့်သိမ့် နွေးစေ ခဲ့တာပါ။

ရှိန်းမြနွေးထွေး ရင်ထဲက ကံ့ကော်လေး တစ်ပွင့်လို။ မွှေးအိပါရွှေးပါးပေါ်က သနပ်ခါးလေး တစ်စက်လို မထိရက်၊ မကိုင်ရဲ့ကို ချစ်ခဲ့တာပါ။

ဒါဟာ မချစ်မနေရ အမိန့်နဲ့ နှလုံးသားကို တစ်ချက်လွှတ်ပြဋ္ဌာန်းထားတာ မဟုတ်ဘူး။ လွတ် လပ်စွာ ရွေးချယ်ခွင့် လွတ်လပ်စွာ ပြောဆိုခွင့်၊ လွတ်လပ်စွာ တွေးခေါ်ခွင့်စတဲ့ လွတ်လပ်မှု တွေ တစ်သီကြီးနဲ့ ကိုယ်တိုင်တွေး ၊ ကိုယ်တိုင်ရေး ၊ ကိုယ်တိုင်ထုဆစ်ပုံဖော်ထားတဲ့ ရာစုသစ် ကျောက်ဆစ်ရုပ်လေး တစ်ရုပ်ပေါ့။

လက်ထဲမှာ လွတ်လပ်စွာ ချစ်ပိုင်ခွင့်ဆိုတဲ့ အသည်းလေးတစ်ခြမ်းကို ကိုင်ထားပြီး နောက် တစ်ခြမ်း ကတော့ သူမရင်ဘတ်ထဲမှာ ရှိနေတယ်။ ၂၀၁၅ (သို့) ၂၀၂၀ ရဲ့ ဒီဇင်ဘာတစ်ရက်မှာ တော့ ထိုအသည်းနှစ် ခြမ်း ပြန်လည်ပေါင်းဆည်းပါလိမ့်မယ်။

ကတိပြုထားတယ်။ သစ္စာဆိုထားတယ်၊ လွတ်လပ်သော နိုင်ငံတော် သစ်မှာ ယဉ်ကျေး သော သိက္ခာရှိသော ထိန်းသိမ်းနိုင်သော အချစ်ဖြူဖြူတွေ နဲ့ ချစ်ကြမယ်လို့ပေါ့။

နှင်းဆီနုတ်ခမ်း၊ ညနေရောင် အပြုံးနဲ့ စံပယ်ညတွေ ၊ သစ်ရွက်ကြွေတိုင်း ပြုံးတတ်တဲ့ မင်းရဲ့ ဓလေ့ချိုချို စတာ ... စတာတွေ နဲ့ ရင်ထဲမှာ တနင့်တပိုး အရဲကိုး ချစ်ခဲ့ရတာပါ။

လသာတဲ့ညတွေ ဆို ကောင်းကင်ကြီးကိုကြည့်ပြီး ရင်ဘတ်နဲ့ ဂျက်ပင်ထိုးဖြစ်တယ်။ အဲဒီ အခါမှာ သူမပြောဖူးတဲ့ စကားတစ်ခွန်းက ကမ္ဘာတွေ အလီလီပြောင်းလို့ သူ့နားတွင် းကို ပြန်လည် ရောက်ရှိလာပါတယ်။ “တို့တွေ တစ်သက်လုံး ချစ်သွားကြမယ်နော်”

ဘဝဆက်တိုင်း ချစ်ချင်တာပါဆို မင်းဘာပြောမလဲ။ ဒါပေမဲ့ အဲဒီ

စကားလုံးလေးကို ပြန်ကြား ရတိုင်း နက်ပြာရောင် ညအိုအိုတွေ ကို သူထိုင်ထိုင်ရှိခိုးမိတာ ခဏခဏပေါ့။ ရင်ဘတ်နဲ့ ဆက်ထားတဲ့ ဂျက်ပင်ကိုဖြုတ်တော့ သော ကြာကြယ်ကြီးက သူ့ပခုံးစွန်းမှာ လာနားနေသလိုခံစား ရတယ်။

တကယ်တော့... ကောင်မလေးရယ်....

“ကိုယ်ဟာ မင်းရဲ့ မိုးကုတ်စက်ဝိုင်းထဲမှာ ပိတ်မိနေတဲ့ကောင်ပါ။ ပြေးချင်တဲ့ အရပ်ကို ပြေး ပေါ့။ တစ်ချိန်မှာ တော့ မိုးကုတ်စက်ဝိုင်းနဲ့ အနားသတ်ထားတဲ့ မင်းရဲ့ နှလုံးသားရင်ငွေ့တော် အောက်မှာ ပြန်ခိုလှုံရမှာ ပဲလေ”

သူ မပြေးခဲ့ပါဘူး။ ဘယ်တော့မှလည်း ပြေးမှာ မဟုတ်ဘူး။ ဒီသံသရာစက်ဝန်းက လွတ် မြောက်ရာ တရားထူးမရသ၍ တော့ မင်းရဲ့ စကားတစ်ခွန်းကို ကျိန်စာတစ်ခုကို ဘဝဆက်တိုင်း ယုံ ကြည်ကိုးကွယ်ထားမှာ ပါ။

“သူ့ကို အရမ်းချစ်တယ်....”

ကမ္ဘာတည်သ၍ တည်ပါစေ၊ ညီပါစေ... ကောင်မလေးရယ်။

အဲဒီ စကားကြားပြီးတဲ့နောက်ပိုင်း သူစိတ်ထဲမှာ ရောဂါ တစ်ခုကပ်ငြိခဲ့ပါတယ်။ မြင်တွေ့ လေရာ သူမမျက်နှာပေါ်နေတဲ့ ရောဂါ ပါ။ အတွေးထဲမှာ လည်း အခန်းဆက်ဝတ္ထု ရှည်ကြီးတစ်ပုဒ် က ကြီးစိုးထားတယ်။

သူမအကြောင်း တစ်ခမ်းတနား ဖွဲ့ဆိုရည်ညွှန်းထားတဲ့ ဝတ္ထုရှည်ကြီး၊ ရယ်ဖို့လည်း ကောင်း ပါတယ်။ သူနဲ့ယှဉ်ရင် ရှိမီယိုဆိုတာကလေးအဆင့်မှာ ရှိမှန်း ရှိတ်စပီးယားကို သိစေချင်လိုက် တာ လေ။ ရှိတ်စပီးယားဘယ်လောက်ယူကျုံးမရ ဖြစ်နေလိုက်မလဲ။

ခင်ဗျားတို့ ကတော့ သူ့ကို အချစ်လွန်း ရောဂါ ရနေပြီလို့ ထင်ကြလိမ့်မယ်။ မဟုတ်ပါဘူး...

“ချစ်မဝ” ရောဂါ ပါ။

♥ ♥ ♥